## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော၊ စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ဆည် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကိုဆိုလိုကြောင်း ကလေးများ၏စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီကျောင်းမှထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသောအလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်း စသည့် အကြောင်းအရာများနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းအရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၅)**

## ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ဝေး

## ရှောင်ပါ

* လောဘရှောင်လွှဲ
ဒေါသနည်းက
ရင်ထဲကြည်ကာ စိတ်ချမ်းသာ၏။

* လောဘဆောင်ကြဉ်း
ဒေါသသွင်းက
ရင်တွင်းမှာပူ သွေးပွက်ဆူ၏။

* လောဘ၊ ဒေါသ
မောဟ လွှမ်းသော်
သောက ဖုံဖုံ ဒုက္ခစုံ၏။

* လော၊ ဒေါ၊ မော ပွား
ဒုက္ခများသော်
တရားမည်သို့ ရှာမည်နည်း။
လွတ်ငြိမ်းဘယ်မှာ အေးမည်နည်း။ ။

**စောရွှေမြင့်(ချပ်သင်း)**

## မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားလာစေရေးနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူစေရေးအတွက်ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာ ဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲကို ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-5 မှ Grade-9 အထိ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၁၄၅ ဦး၊ အင်္ဂလိပ်စာ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် ၁၀၂ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အင်းခေါင်းကန် ရေရှည်တည်တံ့စေရေး ဆောင်ရွက်

**ရပ်စောက် အောက်တိုဘာ ၁၅**

အင်းခေါင်းကန်သည် သဘာဝရေထွက် ရပ်စောက်မြို့၏ အထင်ကရ မြို့ကျက်သရေဆောင် ကန်တစ်ခုဖြစ်ပြီး မြို့၏လည်ပတ်စရာ၊ အလှဓာတ်ပုံများ ရိုက်ကူးစရာ နေရာတစ်ခုဖြစ်စေရေး၊ အမှိုက်များဖြင့် ရုပ်ဆိုးအကျည်းတန်မှုမဖြစ်စေရေး စည်းကမ်းမဲ့ အမှိုက်မပစ်ကြရန် သတ်မှတ်နေရာများမှအပ ကျန်နေရာများတွင် အဝတ်လျှော်ခြင်း၊ ရေချိုးခြင်း မပြုကြရန်၊ ကန်အတွင်း ငါးမျှားခြင်း၊ ငါးဖမ်းခြင်း မပြုကြရန်၊ အင်းခေါင်းကန်ပတ်ဝန်းကျင်တွင် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်း မပြုရန် စသည့် စည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန် အသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူထားရှိပြီး ရေထွက်ပင်ရင်းနေရာမှစ၍ အမှိုက်နှင့် နုန်းများ ဆယ်ယူခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများကို မြို့နယ်စည်ပင်သာယာရေးဌာနမှ အောက်တိုဘာ ၁၄ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လဲချား အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကျေးစာရေးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စအရပ်များအားလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက လူဦးရေစာရင်းအချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက မဲပေးပိုင်ခွင့်ရှိသည့် အသက်(၁၈)နှစ်ပြည့်ပြီးသူများ မှတ်ပုံတင်ကိစ္စများနှင့်လည်းကောင်း၊ မြို့နယ်ကော်မရှင်ဦးစီးအရာရှိက ရွေးကောက်ပွဲဆိုင်ရာကိစ္စအရပ်ရပ်များကိုလည်းကောင်း ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက တာဝန်ကျရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများက လုပ်ငန်းများအပေါ် အသီးသီး ဆွေးနွေးခဲ့ကြောင်း သိရသည်။



**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**






## အင်္ဂလန်အသင်းက လတ်ဗီးယားအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**လန်ဒန် အောက်တိုဘာ ၁၅**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် လတ်ဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက လတ်ဗီးယားအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် ၄၄မိနစ်နှင့် (၄၅+၄)မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၅၈မိနစ်တွင် တိုနီဆက်စ် (OG)၊ ပွဲချိန် ၈၆မိနစ်တွင် အစ်ဇီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၄ရက်တွင် ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(အပေါ်ဝဲပုံ)(NGB)

## ဒါနီအိုလ်မို ခြေသလုံးဒဏ်ရာကြောင့် သုံးပတ်အထိအနားယူရမည်



**မက်ဒရစ် အောက်တိုဘာ ၁၅**

စပိန်အသင်းနှင့် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဒါနီအိုလ်မိုသည် ခြေသလုံးဒဏ်ရာကြောင့် သုံးပတ်အထိ အနားယူရမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် စပိန်အသင်းအတွက် ပါဝင်ကစားပေးရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဒါနီအိုလ်မို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒါနီအိုလ်မိုသည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၀ ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

(NGB)

## နည်းပြ တူဒေါ ဂျူဗင်တပ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**တူရင် အောက်တိုဘာ ၁၅**

ဂျူဗင်တပ်အသင်းသည် လက်ရှိအချိန်တွင် အသင်း၏ရလဒ်များ ထင်သလောက် ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ တူဒေါအား ရာထူးမှထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (အောက်ပုံ)

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေ



ပွဲစဉ် ၆ ပွဲကစားအပြီးတွင် ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ပြီး ရလဒ်များ ထင်သလောက်ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ တူဒေါအား ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိသည်။

နည်းပြ တူဒေါသည် ဂျူဗင်တပ်အသင်းကို ၂၀၂၅ ခုနှစ် မတ် ၂၃ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၁ ပွဲတွင် ၁၀ ပွဲနိုင်၊ ၈ ပွဲ သရေ၊ ၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ တူဒေါအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဂျူဗင်တပ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## မက်ဆီ အာဂျင်တီးနားအသင်းနှင့် ဂိုးပန်တီးမှု အကြိမ် ၆၀ အထိ ပြုလုပ်နိုင်သူအဖြစ် မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၁၅**

အာဂျင်တီးနားအသင်းတိုက်စစ်မှူး မက်ဆီသည် ကစားသမားဘဝ တွင် အသင်းအတွက် ဂိုးဖန်တီးမှု အကြိမ် ၆၀ အထိ ပြုလုပ်နိုင်သူအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ပေါ်တိုရီကိုအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ (အောက်ဝဲပုံ)



တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၀၅မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၉၅ပွဲကစားကာ ၁၁၄ဂိုးအထိ သွင်းယူထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အခုလိုမှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(NGB)

## မက်စ်အယ်လစ္စတာ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ အထိ လီဗာပူးအသင်း အလိုရှိ




**လန်ဒန် အောက်တိုဘာ ၁၅**

လီဗာပူးအသင်းသည် အသင်းကွင်းလယ်ကစားသမား မက်စ်အယ်လစ္စတာ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ အထိ အလိုရှိနေသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား မက်စ်အယ်လစ္စတာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လီဗာပူးအသင်းကလည်း မက်စ်အယ်လစ္စတာအတွက် ၄င်းတို့အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လီဗာပူးအသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း မက်စ်အယ်လစ္စတာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## စီရော်နယ်လ်ဒို ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၄၈ ဂိုးအထိ ရှိလာ

**လန်ဒန် အောက်တိုဘာ ၁၅**

ပေါ်တူဂီအသင်းနှင့် အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၄၈ ဂိုးအထိ ရှိလာခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် ၅၂ ဂိုးသာ လိုအပ်တော့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက ဟန်ဂေရီအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပြီးနောက် ယခုလို သွင်းဂိုးပေါင်း ၉၄၈ ဂိုးအထိ ရှိလာခဲ့ခြင်းဖြစ်သည်။

အသက်(၄၀)နှစ် အရွယ်ရှိ တိုက်စစ်မှူး စီရော်နယ်လ်ဒိုက "ကျွန်တော် ကစားသမားဘဝမှ အနားမယူသေးဘဲ သွင်းဂိုး ၁၀၀၀ ပြည့်တဲ့အထိ ဆက်လက်သွင်းယူသွားမှာပါ။ ပြီးတော့ နိုင်ငံ့အသင်းနဲ့ရော ကလပ်အသင်းနဲ့ပါ အောင်မြင်မှုဆုဖလားတွေ ရယူသွားလိုပါသေးတယ်" ဟု ပြောသည်။

(ယာပုံ)(NGB)




## အဒမ်ဝါတန်ကို စတာလင်ပေါင် သန်း ၆၀ဖြင့် မန်ယူအသင်း ကမ်းလှမ်းမည်




**လန်ဒန် အောက်တိုဘာ ၁၅**

မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား အဒမ်ဝါတန်ကို စတာလင်ပေါင် သန်း ၆၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် ကမ်းလှမ်းမည်ဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း အဒမ်ဝါတန်အတွက် မန်ယူအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ အဒမ်ဝါတန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)
(NGB)

## 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၇ ရက်တွင် စတင်မည်

**ပဲရစ် အောက်တိုဘာ ၁၅**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၂၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။



2025 Rolex Paris Masters တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနယ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Rolex Paris Masters တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev ဖြစ်သည်။

(ဝဲပုံ)
(NGB)

# ကမ္ဘာတစ်ဝန်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေတောင်းခံမှု ၂၁ ရာခိုင်နှုန်းသာ ရရှိသေးဟုဆို

**ကုလသမဂ္ဂ အောက်တိုဘာ ၁၅**

ကုလသမဂ္ဂသည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအတွက် အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၃ ဘီလီယံကျော် တောင်းခံထားသော်လည်း စက်တင်ဘာလကုန်အထိ ၂၁ ရာခိုင်နှုန်း သို့မဟုတ် ၉ ဒသမ ၆ ဘီလီယံသာ ရရှိထားသေးကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၁၄ ရက်တွင် ပြောသည်။

ယခုနှစ်ရရှိသော ရန်ပုံငွေပမာဏသည် ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အံ့အားသင့်ဖွယ် ၄၀ ရာခိုင်နှုန်းကျော် လျော့ကျသွားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဖာဟန် ဟတ်က ပြောသည်။ ထိုကဲ့သို့ ရန်ပုံငွေကွာဟမှုက ကျန်းမာရေးစောင့်ရှောက်မှု မရရှိသူများ၊ အစားအစာမရရှိသော မိသားစုများ၊ ပညာရေးသင်ကြားခွင့် မရရှိသော ကလေးငယ်များစသည့် သန်းနှင့်ချီသော ပြည်သူများအတွက်အလွန်ဆိုးရွားသောနောက်ဆက်တွဲ ပြဿနာရပ်များကို ဖြစ်ပေါ်စေကြောင်း ၎င်းက ဆက်ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း ကျန်းမာရေးဆိုင်ရာဌာနပေါင်း ၄၂၀ ကျော် ပိတ်ထားရသည့်အတွက် လူပေါင်းသုံးသန်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု မရရှိဘဲဖြစ်နေကြောင်း၊ ဆိုမာလီယာနိုင်ငံတွင် စားနပ်ရိက္ခာထောက်ပံ့ကူညီမှု လျှော့ချလိုက်သောကြောင့် ဩဂုတ်လအတွင်းက လူပေါင်း ၁ ဒသမ ၁ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့သော်လည်း နိုဝင်ဘာလတွင် လူပေါင်း ၃၅၀၀၀၀ ကိုသာ ထောက်ပံ့ပေးနိုင်တော့ကြောင်း သိရသည်။

ကုလသမဂ္ဂနှင့် ၎င်း၏ မိတ်ဖက်များသည် လက်ခံရရှိထားသော ရန်ပုံငွေအနည်းငယ်နှင့်အတူ အခက်အခဲဖြစ်ပေါ်နေသူများထံ အကူအညီများ ရောက်ရှိစေရေးအားစိုက်လုပ်ဆောင်လျက်ရှိကြောင်း ဟတ်က ပြောသည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်လုပ်ဆောင်ကြရေးနှင့်ပတ်သက်ပြီးလည်း အလှူရှင်နိုင်ငံများကို တောင်းဆိုထားသည်။



ဆင်ဟွာ

## ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ စိတ်ဓာတ်အညွှန်းကိန်း စက်တင်ဘာတွင် ပထမဆုံးအကြိမ် မြင့်တက်လာ



**ဘန်ကောက် အောက်တိုဘာ ၁၅**

ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ စိတ်ဓာတ်အညွှန်းကိန်းသည် စက်တင်ဘာလ၌ ခုနှစ်လအတွင်း ပထမဆုံးအကြိမ် မြင့်တက်လာခဲ့ပြီး အစိုးရ၏ လှုံ့ဆော်မှုအစီအမံသစ်များအား ခွင့်ပြုရန်အတွက် စနစ်များ ထူထောင်ပေးသည့် လျင်မြန်သော ကြိုးပမ်းအားထုတ်မှုများကြောင့် ယုံကြည်မှုတိုးလာသည်ဟု ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်က အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မှုပန်းတိုင်ကို ပြည့်မီစေရန် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အစိုးရသည် လူသန်း ၂၀ ဝန်းကျင်အတွက် လူနေမှုစရိတ်ကို ထောက်ပံ့ပေးမည့် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ပူးတွဲပေးချေမှုအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

အစိုးရက လာမည့်နှစ်တွင် ဂျီဒီပီကို ဝ ဒသမ ၃ ရာခိုင်နှုန်း မြှင့်တင်ပေးမည်ဟု ပြောကြားခဲ့ရာ ဒေါ်လာ ၄၉ ဘီလီယံကို ၂၀၂၆ ခုနှစ်အတွက် နိုင်ငံပိုင်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်အဖြစ် မကြာသေးမီက အတည်ပြုပြီးနောက် အစိုးရသည် အဆိုးဆုံးကြွေးမြီများကို ဝယ်ယူရန်အတွက် ဒေါ်လာ ၃၀၇ သန်း သုံးစွဲရန်လည်း ရည်ရွယ်ထားသည်။

ယင်းစက်မှုလုပ်ငန်းဆိုင်ရာ စိတ်ဓာတ်အညွှန်းကိန်းသည် ဩဂုတ်လတွင် ၈၆ ဒသမ ၄ မှ စက်တင်ဘာလတွင် ၈၇ ဒသမ ၈ သို့ တိုးလာပြီး လာမည့်သုံးလအတွက်လည်း အလားအလာကောင်းမည်ဟု ဆိုသည်။

အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး စီးပွားရေးသည် ယခုနှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးချဲ့လာမည်ဟု နိုင်ငံတော်စီမံကိန်းဌာနက ခန့်မှန်းထားပြီး အမေရိကန် အကောက်ခွန်များ၏ သက်ရောက်မှုကြောင့် ၂၀၂၅ ခုနှစ်၏ ဒုတိယနှစ်ဝက်တွင် သိသိသာသာ နှေးကွေးလာဖွယ်ရှိကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အစိုးရလုပ်ငန်းများ ရပ်ဆိုင်းမှု၏ အကျိုးဆက်အဖြစ် အမေရိကန်ဝန်ထမ်း ၄၁၀၈ ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အစိုးရလုပ်ငန်းများ ရပ်ဆိုင်းမှု၏ အကျိုးဆက်အဖြစ် အမေရိကန်ပြည်ထောင်စု အစိုးရဝန်ထမ်းများ အလုပ်မှ ထုတ်ပယ်ခံရသည့် အရေအတွက်ကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ပြင်ဆင် လျှော့ချခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့် အောက်တိုဘာ ၁ ရက်နေ့မှစ၍ ထရမ့်အစိုးရအဖွဲ့သည် ဝန်ထမ်း ၄၁၀၈ ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း အမေရိကန်တရားရေးဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါ ဖြစ်တောက်မှုများသည် အမေရိကန်အစိုးရဝန်ထမ်းအင်အား၏ အနည်းငယ်မျှသာ ရှိသေးသည်။ ထရမ့်အစိုးရအဖွဲ့ စတင်ချိန်တွင် အမေရိကန်အေဂျင်စီများ၌ အရပ်ဘက်ဝန်ထမ်း နှစ်သန်းခန့်ကို ခန့်အပ်ထားခဲ့သည်။

အဆိုပါ ဖြတ်တောက်မှုများသည် အမေရိကန်အစိုးရလုပ်ငန်းများ ရပ်ဆိုင်းမှုကြောင့် ဖြစ်သည်ဟု သမ္မတ ဒေါ်နယ်လ်ထရမ့်က အပြစ်တင်ပြောကြားသည်။

ထရမ့်နှင့် လွှတ်တော်အမတ်များအကြား ပြည်ထောင်စုအဆင့် အစိုးရဌာနများအတွက် အသုံးစရိတ်အစီအစဉ်ကို သဘောတူညီမှု မရရှိနိုင်ခြင်းကြောင့် အစိုးရလုပ်ငန်းများ ရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း သိရသည်။

Mon

## ဘင်္ဂလားဒေ့ရှ် အထည်ချုပ်စက်ရုံ မီးလောင်မှုတွင် ရုပ်အလောင်း ၁၆ လောင်းကို ပြန်လည်တွေ့ရှိခဲ့

**ဒက္ကာ အောက်တိုဘာ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယမန်နေ့က အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၆ ဦး သေဆုံးကာ သေဆုံးသူအရေအတွက် တိုးလာနိုင်သည်ဟု အရာရှိများက ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မီးလောင်မှုကြောင့် ပျက်စီးသွားသော ရုပ်အလောင်း ၁၆ လောင်းကို ပြန်လည်တွေ့ရှိခဲ့သော်လည်း မှတ်မိနိုင်ခြင်း မရှိအောင် မီးလောင်ကျွမ်းထားသည်ဟု မီးသတ်ဌာနက အတည်ပြုသည်။

ဒက္ကာမြို့၊ မီယာပူရ်ရပ်ကွက်ရှိ လေးထပ်တိုက် အထည်ချုပ်စက်ရုံအပြင်ဘက်တွင် စိတ်သောကရောက်နေကြသော ဆွေမျိုးများက မီးထဲပါသွားသူများကို လိုက်လံရှာဖွေရန် စုရုံးနေခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် စက်ရုံ၌ စတင်လောင်ကျွမ်းသော မီးကို မီးသတ်တပ်ဖွဲ့က သုံးနာရီအကြာတွင် ငြိမ်းသတ်နိုင်ခဲ့သော်လည်း ကပ်လျက်ရှိသော ဓာတုဗေဒပစ္စည်း ဂိုဒေါင်တစ်ခုမှာ ဆက်လက်လောင်ကျွမ်းနေခဲ့သည်ဟု အာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

Mon





## ဖလောရက်စ်ကျွန်းပေါ်ရှိ လီဝါတိုဘီ လာကီ-လာကီမီးတောင် ညပိုင်းတွင် ပေါက်ကွဲ၊ မီးခိုးပြာအမျှားအပြားကို မှုတ်ထုတ်

**ဂျကာတာ အောက်တိုဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဖလောရက်စ်ကျွန်းပေါ်ရှိ လီဝါတိုဘီ လာကီ-လာကီမီးတောင်သည် ယမန်နေ့ညပိုင်းတွင် ပေါက်ကွဲခဲ့ပြီး မီးတောင်သတိပေးချက်အဆင့် အမြင့်ဆုံးကို ကြေညာခဲ့ချိန်တွင် မီးခိုးပြာအမျှားအပြားကို ကောင်းကင်သို့ မှုတ်ထုတ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မီးတောင်သည် အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် တစ်ကြိမ်၊ နံနက် ၁ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ် ထပ်မံပေါက်ကွဲခဲ့ရာ မီးတောင်ပြာများကို ၎င်း၏ ၁၅၈၄ မီတာ (၁၀ ကီလိုမီတာ) မြင့်သော ထိပ်ဖျားအထက် ၁၀ ကီလိုမီတာအထိ လွှင့်ထွက်စေခဲ့သည်ဟု အမျိုးသား မီးတောင်ဗေဒအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာရှိကြောင်း ချက်ချင်းသတင်းမရရှိသေးသော်လည်း အာဏာပိုင်များက အင်ဒိုနီးရှားအရှေ့ပိုင်းရှိ ကျွန်းပေါ်မှ ဒေသခံများနှင့် ခရီးသွားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် ပြင်ဆင်ထားပြီး ထိုဒေသမှ ဝေးဝေးနေရန် သတိပေးခဲ့သည်။

ပေါက်ကွဲတတ်သော မီးတောင်ဖြစ်စဉ်များ မကြာခဏဖြစ်ပွားလေ့ရှိသော မြေငလျင်နက်များ တိုးလာသည်ကို တွေ့ရှိပြီးနောက်ပိုင်းတွင် မီးတောင် သတိပေးချက်အဆင့်ကို ဘူမိဗေဒအေဂျင်စီ အကြီးအကဲ မူဟာမက် ဝါဖစ်ကအမြင့်ဆုံးသို့ တိုးမြှင့်ခဲ့ကြောင်း သိရသည်။

Mon

## အစ္စရေးက ဂါဇာတွင် ကျန်ရှိနေသော ဓားစာခံရုပ်အလောင်းများ လွှဲပြောင်းပေးရန် ဟားမားစ်ကို တိုက်တွန်း

**ဂျေရုဆလင် အောက်တိုဘာ ၁၅**

ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်တွင် ကျန်ရှိနေသေးသော ဓားစာခံရုပ်အလောင်းများကို ပြန်လည်လွှဲပြောင်းပေးမည်ဟု အစ္စရေးအနေဖြင့် မျှော်လင့်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ရှော့ရှ်ဘက်ဒရိစီယန်က အောက်တိုဘာ ၁၅ ရက်တွင် ပြောသည်။

ဟားမားစ်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက်က အသက်ရှင်ကျန်ရှိနေသေးသော ဓားစာခံ ၂၀ လွှတ်ပေးခဲ့သည်။ ယင်းနောက်တွင် သေဆုံးရုပ်အလောင်း ၂၈ ဦးထဲမှ ခုနစ်ဦး၏ ရုပ်အလောင်းကို ထပ်မံလွှဲပြောင်းပေးခဲ့သည်။

အစ္စရေးသည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသော်လည်း ရာဖာနယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်မှုကို ရပ်ဆိုင်းထားရန်နှင့် ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထောက်ပံ့ကူညီမှုများကို ထပ်မံလျှော့ချရန် အောက်တိုဘာ ၁၄ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

